**Message Four**

## ယေရုရှလင်မြို့သစ်၏ ဖြစ်တည်မှုကို ကျွန်ုပ်တို့ကိုယ်တိုင်ထံသို့ ယူဆောင်လျှောက်လှမ်းရန် အသင်းတော်ကို ကြည့်ရှုခြင်း (၂) - ထာဝရဖြစ်ခြင်း၊ အသက်အရာဖြစ်ခြင်း၊ အလင်းနှင့်ပြည့်ဝခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၂း၇။ ၂၁း၂၄-၂၅၊ ၁-၃၊ ၉-၂၃။ ၂၂း၁။ ဧ၊၁း၁၀၊ ၂၂-၂၃။ ၃း၂၁။ ၅း၂၇

**XII. ထာဝရဖြစ်ခြင်း - ယနေ့ အသင်းတော်သည် လာမည့် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်ပြီး၊ ထာဝရကာလ၌ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ယေရုရှလင်မြို့သစ်သည် အသင်းတော်၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်လိမ့်မည် - အငယ်၊ ၁-၂၊ ၁၆။**

A. "ထို့ကြောင့် မျက်မှောက်၌ ထင်ရှားသောအရာတို့သည် ခဏသာတည်၍၊ မထင်ရှားသောအရာတို့သည် ထာဝရတည်ကြောင်းကို ငါတို့သည် ထောက်လျက်၊ ထင်ရှားသောအရာတို့ကို မကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကို ကြည့်မှတ်ကြ၏" - ၂ကော၊၄း၁၈။

B. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏အသင်းတော်ဖြစ်သည့် ကျွန်ုပ်တို့ကို မြင်ရသောအရာများမှ မမြင်ရသောအရာများသို့၊ ယာယီဖြစ်သောအရာများမှ ထာဝရတည်သောအရာများသို့ ပြန်လည်ရယူခြင်းဖြစ်သည် - ရော၊၈း၂၄-၂၅။ ဟေဗြဲ၊၁၁း၂၇။ ၁ပေ၊၁း၈။

C. ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့မျက်စိများကို ဖွင့်ပေးခြင်းနှင့် ရူပါရုံပေးခြင်းကို လိုအပ်သည်။ ၎င်းက ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ကိုယ်တိုင်မှလည်းကောင်း၊ ကျွန်ုပ်တို့၏ ကျဉ်းမြောင်းသောကမ္ဘာမှလည်းကောင်း ကယ်လွှတ်ပေးလိမ့်မည်။ ထာဝရကာလ၏အလုပ် ပြီးမြောက်ခြင်းမရှိသေးသရွေ့ ကျွန်ုပ်တို့ အနားယူရန် မဖြစ်နိုင်ကြောင်း ခံစားရလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ ထာဝရအကြံအစည်တော်သည် ပြီးပြည့်စုံခြင်းမရှိသရွေ့ ကျွန်ုပ်တို့ ကျေနပ်နှစ်သိမ့်ခြင်း ရှိရန်မှာ ဖြစ်နိုင်မည်မဟုတ်ပါ - ဧ၊၃း၉-၁၁။

D. ဘုရားသခင်က ထာဝရကာလမှ ထာဝရကာလတိုင် ပြီးမြောက်ပြည့်စုံရန် ရည်ရွယ်ထားသည့် ကိုယ်တော်၏အလုပ်ကို ကျွန်ုပ်တို့အား ပြသရန် အလိုတော်ရှိသည်။ ရွေးနုတ်ခံရသောလူတိုင်းသည် ကိုယ်တော်၏ အကြံအစည်တော်၌ အစိတ်အပိုင်းပါဝင်ပြီး၊ ဘုရားသခင်သည် ကိုယ်တော်၏ ထာဝရအကြံအစည်တော် ပြီးပြည့်စုံစေခြင်း ရည်ရွယ်ချက်အတွက် ကိုယ်တော်၏ ခွန်အားအစွမ်းတန်ခိုး ပြုပြင်လုပ်ဆောင်ခြင်းအတိုင်း အလုပ်လုပ်တော်မူသည် - ၁း၁၇-၂၃။ ဓမ္မသီချင်း E#၁၃၂၅။

E. အသင်းတော်နှင့် ယေရုရှလင်မြို့သစ်နှစ်ခုလုံးသည် သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရခြင်းနှင့် ကျွန်ုပ်တို့နှင့်အတူ ထုံးဖွဲ့မှုတစ်ခုတည်းဖြစ်ရန် ရောနှောပေါင်းစည်းခြင်းပင် ဖြစ်သည်။ ဤထုံးဖွဲ့မှုသည် အပြန်အလှန်ကိန်းဝပ်ရာဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကိန်းဝပ်ရာနှင့် ဘုရားသခင်ကိန်းဝပ်ရာ နှစ်ခုလုံးဖြစ်သည်။ အပြန်အလှန်ကိန်းဝပ်နေရာ ယေရုရှလင်မြို့သစ်၌ ဘုရားသခင်သည် ထာဝရကာလပတ်လုံး ကိုယ်တော်၏ ရွေးနုတ်ခံလူများနှင့်အတူ ကိန်းဝပ်လိမ့်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။ ဗျာ၊၂၁း၃၊ ၂၂။

**XIII. အသက်ဖြစ်ခြင်း - အသက်ဖြစ်သော ခရစ်တော်သည် သခင်ဘုရားပြန်လည်ရယူခြင်း၏ သဘောသဘာဝဖြစ်သည် - ဗျာ၊၂း၇။ ၂၂း၁။ ယော၊၁၁း၂၅။ ၁၄း၆။ ကော၊၃း၄။ ဓမ္မသီချင်း E#၄၉၉။**

A. ဘုရားဆိုင်ရာအသက်၏ စုစုပေါင်းသည် ယေရုရှလင်မြို့သစ်ဖြစ်ကာ၊ ယင်းသည် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရား၏ လမ်းဆုံးပန်းတိုင်ဖြစ်သည် - ယော၊၄း၁၄။ ဗျာ၊၂၂း၁။

B. အသင်းတော်သည် အခြားမဟုတ်ဘဲ ခရစ်တော်ပင် ဖြစ်သည်။ ထို့ကြောင့် အသက်အဖြစ် ခရစ်တော်သည် သခင်ဘုရားပြန်လည်ရယူခြင်းရှိ အသင်းတော်၏ ပါဝင်ရာ၊ သဘောသဘာဝ ဖြစ်သည် - ကော၊၃း၁၀-၁၁၊ ၄။

C. ကျွန်ုပ်တို့သည် သခင်ဘုရား၏ ပြန်လည်ရယူခြင်းကို အသက်၌ သိကျွမ်းရန် လိုအပ်သည် - ယော၊၁း၄။ ၁ယော၊ ၁း၁-၂။

1. ကျွန်ုပ်တို့၏မျက်စိများသည် ဖွင့်၍ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အသက်သို့ ပြန်လည်ရယူခြင်းဖြစ်ကြောင်း မြင်ရမည်ဖြစ်သည် - ယော၊၁း၁၊ ၄။ ၁၄း၆။ ၁ယော၊၁း၁-၂။
2. သခင်ဘုရားပြန်လည်ရယူခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်ဖြစ်သော ဘုရားသခင်ကိုယ်တော်တိုင်ထံသို့ ပြန်လည်ခေါ်ဆောင်ရန်ဖြစ်သည် - ဧ၊၄း၁၈။ ရော၊၅း၁၀။ ၈း၂၊ ၁၀-၁၁။
3. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အသက်၏အကြောင်းအရာ လုံးလုံးဖြစ်သည် - ကိုယ်တော်ကို အသက်အဖြစ် ပိုင်ဆိုင်ခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိရန်အလို့ငှာ သုံးပါးတစ်ပါးဘုရားထံ ကျွန်ုပ်တို့ကို ပြန်လည်ခေါ်ဆောင်မည့် ပြန်လည်ရယူခြင်း ဖြစ်သည် - ၂ကော၊၁၃း၁၄။
4. သခင်ဘုရား၏ပြန်လည်ရယူခြင်းကို အသက်၌ သိကျွမ်းခြင်းမှာ အသက်အဖြစ် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့၏အတွေ့အကြုံ၌ သိကျွမ်းခြင်း ဖြစ်သည် - ယော၊၁း၄၊ ၁၄၊ ၁၆-၁၇။ ၁၀း၁၀။ ၁၁း၂၅။ ၁၄း၆။

**XIV. အလင်းနှင့်ပြည့်ဝခြင်း - သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် တက်ကြွလှုပ်ရှားမှု၊ လုပ်ဆောင်ချက်သက်သက် သို့မဟုတ် သာမန်ခရစ်ယာန်အလုပ် မဟုတ်ဘဲ၊ အလင်း၌ အသက်နှင့် သမ္မာတရား၏ အကြောင်းအရာဖြစ်သည် - ဗျာ၊ ၂၁း၂၄-၂၅။ ၁ယော၊၁း၁-၂၊ ၅-၇။**

A. ယေရုရှလင်မြို့သစ်၏အလင်းသည် ကျောက်သလင်းကဲ့သို့ ကြည်လင်ကာ မည်သည့်အရောအနှောမျှ မရှိပေ။ ထိုနေ့၌ အရာခပ်သိမ်းသည် ထွင်းဖောက်မြင်နိုင်ပြီး၊ ကျွန်ုပ်တို့ထံ ရှင်းလင်းစွာ ပြသခြင်းရှိမည်ဖြစ်သည် - ဗျာ၊၂၁း၂၄။

B. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အသက်နှင့်သမ္မာတရား၏ အကြောင်းအရာလုံးလုံး ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရန် အရေးကြီးပေသည်၊ သမ္မာတရားသည် အလင်း၏ ထွန်းလင်းခြင်း၊ အလင်းအဖြစ် ဘုရားသခင်၏ထင်ရှားခြင်းဖြစ်သည် - ယော၊၈း၁၂၊ ၃၂။

1. အလင်းသည် သမ္မာတရား၏ အရင်းအမြစ်ဖြစ်ပြီး၊ သမ္မာတရားသည် အလင်း၏ ထွက်ပေါ်လာသောရလဒ်ဖြစ်သည် - ၁ယော၊၁း၅-၆။
2. သမ္မာတရားသည် ကျွန်ုပ်တို့ထံ ထွန်းလင်းသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ထို့ကြောင့် သမ္မာတရား၌ သခင်ဘုရား၏ပြန်လည်ရယူခြင်းကို သိကျွမ်းရန် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအလင်းဖြစ်သော ဘုရားသခင်ထွန်းလင်းခြင်းကို တွေ့ကြုံခံစားရန် လိုအပ်သည် - ယော၊၁း၁၊ ၄-၅၊ ၉။ ၈း၁၂၊ ၃၂။
3. သမ္မာတရားသည် သမ္မာကျမ်းစာရှိ အကြောင်းရင်းမှန်များ၏ ကောင်းကင်ဆိုင်ရာ ရူပါရုံကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ "ရုပ်သံထုတ်လွှင့်ပေးရန်" ထိုအကြောင်းရင်းမှန်များအပေါ် ဘုရားဆိုင်ရာအလင်း၏ ထွန်းလင်းခြင်းဖြစ်သည် - ဆာ၊၁၁၉း၁၃၀။

C. ကျွန်ုပ်တို့ သမ္မာကျမ်းစာကို ဖတ်သည့်အခါ ဩဝါဒများကို ဦးစွာ ကျွန်ုပ်တို့ရရှိကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏ စာသားများအပေါ် ထွန်းလင်းပေးသောအခါ ဩဝါဒများသည် သမ္မာတရား၊ စစ်မှန်ခြင်းဖြစ်လာသည် - ယော၊၁၆း၁၃။ ဓမ္မသီချင်း E#806 အပိုဒ် ၃။

1. ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အလင်းထွန်းလင်းပေးသောအခါ ကျွန်ုပ်တို့သိကျွမ်းခဲ့သော ဩဝါဒများသည် သမ္မာတရားဖြစ်လာကာ၊ ယင်းသည် အလင်းကို ယူဆောင်လာပြီး၊ အလင်းသည် အသက်ကို ယူဆောင်လာပါသည် - ယော၊၈း၁၂၊ ၃၂။ ၁ယော၊၁း၅-၆။
2. ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်သည့်နည်းလမ်း၌ များစွာဆုတောင်းရန်၊ သခင်ဘုရားထံ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ဖွင့်ပေးရန် လိုအပ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့ ဆုတောင်းလေလေ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အလင်းထွန်းလင်း၍ ဩဝါဒများကို သမ္မာတရားဖြစ်လာစေလေလေ ဖြစ်သည် -ဧ၊ ၁း၁၇။ ကော၊၁း၉။

D. သခင်ဘုရားပြန်လည်ရယူခြင်း၌ အမှန်ပင်ရှိသောသူများသည် သုံးပါးတစ်ပါးဘုရားကို အသက်ရှင်သောနည်းလမ်း၌ သိကျွမ်းကာ၊ သမ္မာကျမ်းစာကို အလင်း၏နည်းလမ်း၌ သိကျွမ်းကြသည်။ ကျွန်ုပ်တို့သည် ဤအရာကို ကျွန်ုပ်တို့

၏အတွေ့အကြုံဖြစ်လာစေရန် ဆုတောင်းသင့်ပါသည် - ဟေဗြဲ၈း၁၀-၁၁။ ယော၁၇း၃၊ ၁၇။ ဆာ၁၁၉း၁၃၀။

**XV. ပုံသဏ္ဍာန်ပြောင်းလဲခြင်း - ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ ပေါင်းစည်းခြင်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းကို မြင်ရန် လိုအပ်သည် - ဗျာ၂၁း၁-၃၊ ၉-၂၃။**

A. သမ္မာကျမ်းစာ၏ စာစောင်ခြောက်ဆယ့်ခြောက်စောင်၏ အနှစ်ချုပ်မှာ ဘုရားဆိုင်ရာတည်ဆောက်ခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်ဖြစ်သည်။ ဤတည်ဆောက်ခြင်းသည် အဖိုးတန်ကျောက်များနှင့် ပုလဲတံခါးတစ်ဆယ့်နှစ်ခုနှင့်အတူ စေ့စပ်ထုံးဖွဲ့ထားသော ရွှေတောင်ကြီး ဖြစ်သည် - အငယ်၁-၃၊ ၉-၂၃။

1. ယေရုရှလင်မြို့သစ်သည် ကိုယ်တော်၏ ဘုရားဆိုင်ရာသဘောသဘာဝ၌ အစပြုပေးသော ဘုရားသခင်၏ အရာ ဖြစ်သည်၊ ယင်းသည် မြို့တော်၏အခြေမှာ ရွှေစင်ဖြစ်ခြင်းအားဖြင့် ပုံဆောင်ထားသည် - အငယ်၁၈၊ ၂၁ခ။

2. ယေရုရှလင်မြို့သစ်သည် ၎င်း၏ ပေါင်းစည်းထုံးဖွဲ့ခြင်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်း၌ ကိုယ်တော်၏အရာအားလုံး ပါဝင်သော အသေခံခြင်းနှင့် ကိုယ်တော်၏ အသက်မစပေးသော ရှင်ပြန်ထမြောက်ခြင်းအလုပ်ရှိ ရွေးနုတ်သော ခရစ်တော်၏အရာ လုံးလုံးဖြစ်ပြီး၊ ယင်းကို ပုလဲတံခါးများ၏ ဒြပ်သဘာဝအားဖြင့် ပုံဆောင်ထားသည် - အငယ်၂၁က။

3. ယေရုရှလင်မြို့သစ်၏ ပေါင်းစည်းထုံးဖွဲ့ခြင်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်းသည် ကိုယ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲပေးသောအလုပ်၌ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်၏ အရာ လုံးလုံးအကြွင်းမဲ့ဖြစ်ပြီး၊ ယင်းကို အဖိုးတန်ကျောက် မြို့ရိုးနှင့် တိုက်မြစ်၏ ဒြပ်သဘာဝအားဖြင့် ပုံဆောင်ထားသည် - အငယ်၁၁၊ ၁၈က၊ ၁၉-၂၀။

4. ယေရုရှလင်မြို့သစ်၌ လူသားဇာတိ မြေမှုန့် မရှိတော့ပါ (က၂း၇)၊ လူသားအသက်တာ၏ အပင် မရှိတော့ပါ၊ ရန်သူ၏တဆေး မရှိတော့ပါ (မ၁၃း၃၃။ ၁ကော၅း၆-၈)။

5. ယေရုရှလင်မြို့သစ်သည် အဆင့်ဆင့်ဖြစ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားက အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ ဘုန်းထင်ရှားခံရသော သုံးပိုင်းရှိလူများနှင့်အတူ ထာဝရကာလပတ်လုံး ရောနှောပေါင်းစည်းခြင်း၏ စုပေါင်းထင်ရှားပေါ်ထွန်းခြင်း၌ စင်ကြယ်သော၊ အထူးသီးသန့်ဖြစ်သော၊ အကြွင်းမဲ့ဖြစ်သော ထင်ရှားခြင်းဖြစ်လိမ့်မည် - ဗျာ၂၁း၁၁၊ ၂၂-၂၃။

B. ကျွန်ုပ်တို့သည် "သခင်ဘုရား၏အလုပ်ကို လုပ်ဆောင်သောသူ" ဖြစ်သည့် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်များ (၁ကော၁၆း၁၀) နှင့် "သခင်ဘုရား၏အလုပ်၌ ကြွယ်ဝခြင်း"ရှိသူများ (၁၅း၅၈) ဖြစ်ရမည်၊ ယင်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင် လုပ်ဆောင်ခွင့်ပေးခြင်းအားဖြင့် (ဧ၃း၁၇က) ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကြီးထွားခြင်း (ကော၂း၁၉)၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲခြင်း (၂ကော၃း၁၈)၊ ကျွန်ုပ်တို့ထဲမှ စီးထွက်ခြင်း (ယော၇း၃၇-၃၈) ဖြင့် ဘုရားသခင်၏လယ်မြေ၊ ဘုရားသခင်၏ တည်ဆောက်ခြင်းအဖြစ် အသင်းတော်အတွက် အခြားသူများအထဲသို့ ကိုယ်တော်ကိုယ်တိုင် လုပ်ဆောင်ခြင်း ရှိနိုင်မည်ဖြစ်သည် (၁ကော၃း၉)။

1. အသင်းတော်သည် ဘုရားသခင်၏ လယ်မြေဖြစ်ကာ၊ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို ထုတ်လုပ်ပေးသည် - အငယ်၉၊ ၁၂။

2. ရှေ့ဦးစွာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လယ်မြေ၌ ကြီးထွားခြင်း ရှိကြသည်၊ ထို့နောက် ဤလယ်မြေရှိ အပင်များသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အဖိုးတန် တန်ဆာပလာများ ဖြစ်လာကြသည် - အငယ်၆-၇၊ ၁၂။

3. ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များသည် သုံးပါးတစ်ပါးဘုရား၏ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါများ၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းအမျိုးမျိုးကို ပုံဆောင်သည်၊ ဤအဖိုးတန် တန်ဆာပလာများသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်မှု၏ ထုတ်ကုန်များ ဖြစ်သည် - အငယ်၁၂။ ၁၅း၄၅ခ။ ၆း၁၇။

4. ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ ဖြစ်လာရန် လို

အပ်သည် (၃း၁၂)။ ကျွန်ုပ်တို့သည် သန့်ရှင်းသူများကို စုံလင်စေရန် ပုံသဏ္ဌာန်ပြောင်းလဲပေးသော ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းဌာ သင်ယူဖို့လည်း လိုအပ်ကာ၊ ယင်းမှာ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များအဖြစ် သုံးပါးတစ်ပါးဘုရားကို သူတို့ထံ အမှုဆောင်ခြင်းအားဖြင့်၊ သုံးပါးတစ်ပါးဘုရား၏ ဂုဏ်အင်္ဂါတော်များသည် သူတို့အထဲသို့ ဆောင်ယူခံ၍ သူတို့၏ကောင်းမြတ်ခြင်းများ ဖြစ်လာစေခြင်းအားဖြင့် သူတို့ကို ပုံသဏ္ဌာန်ပြောင်းလဲစေခြင်းအားဖြင့် ဖြစ်သည် (သီ၊၁း၁၀ခ-၁၁)။

5. အသင်းတော်သည် သစ်သား (ဇာတိလူ၏ သဘောသဘာဝ)၊ မြက် (ကျဆင်းသောလူ၊ အသွေးအသား၏လူ) နှင့် ကောက်ရိုး (အသက်ကင်းမဲ့ခြင်း) တို့အားဖြင့် တည်ဆောက်ခြင်းမှာ သန့်ရှင်းရာဌာနတော်၏အပြစ်ကို ကျူးလွန်ခြင်းဖြစ်သည်။ ၎င်းမှာ ဘုရားသခင်၏ ဗိမာန်တော်၊ ဘုရားသခင်၏ တည်ဆောက်ခြင်းဖြစ်သည့် အသင်းတော်ကို ပျက်စီးစေခြင်းဖြစ်သည်။ ထိုအစား ကျွန်ုပ်တို့သည် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်သင့်ပါသည် - ၁ကော၊၃း၁၂၊ ၁၆-၁၇။

XVI. **တည်ဆောက်ခံရခြင်း - ဘုရားသခင်သည် ကျွန်ုပ်တို့က ခရစ်တော်ကို တစ်ဦးချင်းဆိုင်ရာ ထင်ရှားစေခြင်း သို့မဟုတ် ကိုယ်စားပြုစေခြင်းဌာ ရည်ရွယ်ခြင်း မရှိခဲ့ပေ။ ဘုရားသခင့်စိတ်နှလုံးတော်ရှိ အလိုဆန္ဒမှာ စကြဝဠာ၌ ကိုယ်တော်ကို ထင်ရှားကာ ကိုယ်စားပြုမည့်အထုံးအဖွဲ့တစ်ခုကို ရရှိရန်ဖြစ်သည်။ ဤထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်းသည် စုပေါင်းခြင်းဖြစ်သည်။ ၎င်းသည် ကိုယ်ခန္ဓာတော်ဖြစ်သည်၊ ဤကိုယ်ခန္ဓာတော်၊ ဤစုပေါင်းထားသော အထုံးအဖွဲ့သည် အသင်းတော်ဖြစ်သည် - က၊၁း၂၆။ ဧ၊၂း၁၅။**

A. ဘုရားသခင်၏ အလယ်ဗဟိုစဉ်းစားချက်မှာ ခရစ်တော်ကို လူတစ်စုအထဲသို့ ဆောင်ယူ၍ သူတို့ထံ အသက်ဖြစ်စေရန်၊ ခရစ်တော်အတွက် စုပေါင်းထင်ရှားခြင်းအဖြစ် သူတို့ကို ရရှိရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်သည် သူတို့မှတဆင့် ခရစ်တော်၌ ထင်ရှားခြင်းရှိမည်ဖြစ်သည် - ဗျာ၊၂၁း၂၊ ၁၀-၁၁။ ၂၂း၁-၂။

1. ဗျာဒိတ်ကျမ်း၏ နောက်ဆုံးအခန်းနှစ်ခန်းတွင် ပလ္လင်တော်ပေါ်မှ ခရစ်တော်၌ ဘုရားသခင်သည် စုပေါင်းထားသော တန်ဆာပလာ - ကြီးမား၍ မြင့်မားသည့် မြို့တော် မှတဆင့် ထင်ရှားခဲ့ကြောင်း ပြသထားသည်။

2. ဤမြို့တော်သည် ခရစ်တော်၌ ဘုရားသခင်ကို ထည့်ဝင်ရန်နှင့် ခရစ်တော်မှတဆင့် ဘုရားသခင်ကို ထင်ရှားရန် စုပေါင်းထားသော ထည့်စရာတန်ဆာဖြစ်သည်။ ထို့ကြောင့် ဤရုပ်ပုံကားချပ်က ဘုရားသခင်၏ အလယ်ဗဟိုစဉ်းစားချက်ကို ပြသပေးထားသည် - ဓမ္မသီချင်း E#၉၇၆။

B. ဘုရားသခင်ဖန်ဆင်းခဲ့သော ကျွန်ုပ်တို့၏ ယခင်ပုဂ္ဂိုလ်သည် ကျဆင်းခဲ့သည်။ လူဟောင်းအဖြစ် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်သည် တစ်သီးပုဂ္ဂလဖြစ်ခြင်း၊ သီးခြားခွဲထားခြင်း၊ တမူထူးခြားခြင်း ရှိသည်။ ကျွန်ုပ်တို့အားလုံးသည် တမူထူးခြားခြင်း ရှိကြသည်၊ သို့သော် သခင်ဘုရားသည် ကျွန်ုပ်တို့ကို ကယ်တင်တော်မူခဲ့သည်။

C. သခင်ဘုရားသည် တစ်သီးပုဂ္ဂလဖြစ်ခြင်းအသက်တာကို အသက်ရှင်စေလိုခြင်း မရှိပါ၊ ကိုယ်တော်က ကျွန်ုပ်တို့ကို ကိုယ်ခန္ဓာတော်အသက်တာ အသက်ရှင်စေရန် အလိုတော်ရှိသည်။

D. ထို့ကြောင့် ကျွန်ုပ်တို့ကို ကယ်တင်ပြီးနောက် ကိုယ်တော်က ကျွန်ုပ်တို့ကို အသင်းတော်၌ ထားရှိပေးသည်။ ခရစ်တော်ကို ကျွန်ုပ်တို့ပုဂ္ဂိုလ်အဖြစ် ယူဆောင်လေလေ၊ တစ်သီးပုဂ္ဂလဖြစ်ခြင်း လျော့နည်းလာလေလေဖြစ်သည် - ဧ၊၄း၁၅-၁၆။ ဓမ္မသီချင်း E#840။

E. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်သော်လည်း ကိုယ်ခန္ဓာတော်၌ မရှိလျှင် ကျွန်ုပ်တို့ ဖြတ်တောက်ခံရသည်။ အင်္ဂါဝင်တစ်ဦးသည် ဖြတ်တောက်ခံရသည်နှင့် သူသည် အဆုံးသတ်ပြီဖြစ်ပြီး၊ သူ၏အသက်နှင့် လုပ်ဆောင်ချက်ကို ဆုံးရှုံးကာ၊ တစ်ချိန်တည်းမှာ နှစ်လိုဖွယ်မရှိသောသူ ဖြစ်လာသည်။ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ နေထိုင်ရမည်ဖြစ်သည် - ၁ကော၊၁၂း၁၃။